ဘားအံ့ခရိုင်တိုင်းရာ စီမံခန့်ခွဲမှုဦးစီးဌာန
စာအမှတ်----
ရက်စွဲ----
နေပြည်တော်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန

စာအမှတ်၊ ၃၂၁ /၅(MOU)ညဆန /ဘစမ

ရက် စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၈ ရက်

အကြောင်းအရာ။ **ပြည်တွင်းခရီးသွားလာရေးနှင့်ပတ်သက်၍အကြောင်းကြားခြင်း**

ရည် ညွှန်း ချက် ။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ (၆-၄-၂၀၂၀) ရက်စွဲပါစာအမှတ်၊ ၅-၁/၁၀ (ညွှန်ကြားချက်)/၄၂၉၉

ကုလသမဂ္ဂနှင့် နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများသည် ပြည်တွင်းကန့်သတ်နယ်မြေဒေသများသို့ ခွင့်ပြုချက်ရယူပြီး သွားရောက်ရမည့်ခရီးစဉ်များနှင့်ပတ်သက်၍ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ (၃၀) ရက်နေ့အထိ ခေတ္တဆိုင်းငံ့ထားရန်၊ မဖြစ်မနေသွားရောက်ရသည့် ခရီးစဉ်နှင့်ပတ်သက်၍ သွားရောက်ပြီးပါက ခရီးစဉ်အစီရင်ခံစာ (Travel Report) ပြန်လည်တင်ပြရန် ရည်ညွှန်းပါစာဖြင့် ညွှန်ကြားလာပါသည်။ သို့ဖြစ်ပါ၍ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနနှင့် MoU/ LoA/ LoI လက်မှတ်ရေးထိုး၍ စီမံကိန်းလုပ်ငန်းဆောင်ရွက်နေသည့် နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများအနေဖြင့် အဆိုပါ ညွှန်ကြားချက်အား သိရှိလိုက်နာဆောင်ရွက်နိုင်ပါရန်နှင့် COVID-19 ကူးစက်ရောဂါကာကွယ်၊ ထိန်းချုပ်ရေးနှင့်ပတ်သက်၍ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးလျက်ရှိသည့် လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ရန် အကြောင်းကြားပါသည်။

(signature) ၈/၄/၂၀၂၀

ညွှန်ကြားရေးမှူးချုပ်( ကိုယ်စား )

(မြတ်မိုးသွယ်၊ ညွှန်ကြားရေးမှူး )

MoU / LoA / LoI လက်မှတ်ရေးထိုးသော INGO အဖွဲ့အစည်းများ

မိတ္တူ

----တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူးရုံး

ရုံးလက်ခံ

မျှော